# နွေဦးအသံ
the voice of spring

27.4.2021 · Tuesday · No . 22 · Daily News Pamphlet


## အမှုစစ်ဆေးရန်ကြန့်ကြာနေခြင်းကို တရားရုံး၌ အတိုင်ပင်ခံ ပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည် မေးခွန်းထုတ်ခဲ့ဟုသိရ

သတင်းတို — ရင်းမြစ် – မဇ္ဈိမ မှ

## အကြမ်းဖက်စစ်အုပ်စု၏ သောင်းကျန်းပစ်ခတ်သတ်ဖြတ်မှုကြောင့် နေရပ်စွန့်ခွာနေကြရသည့် ယင်းမာပင်မြို့နယ်ရှိ ကျေးရွာပေါင်း(၄၀) ကျော်မှ ဒေသခံသောင်းချီဟာ စားစရာပြတ်လပ်ပြီးသေဆုံးမှုများရှိနေ

သတင်းတို — ရင်းမြစ် – BBC မှ

## နွေဦးတော်လှန်ရေးအတွင်း ကျဆုံးခဲ့ရသည့် ပြည်သူ(၇၀၀) ကျော်အတွက် အကြမ်းဖက်စစ်ခေါင်းဆောင်များတာဝန်ခံရမည်ဟု ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ကြီးယွက်စစ်က PPST အစည်းအဝေးတွင် ပြောကြားခဲ့

သတင်းတို — ရင်းမြစ် – မဇ္ဈိမ မှ

## NUG အစိုးရအဖွဲ့ တတိယအကြိမ် အစိုးရအဖွဲ့အစည်းအဝေးကို ပြုလုပ်ခဲ့ပြီး နိုင်ငံတော်ဒုသမ္မတ ဒူဝါလရှီးလ မှ အဖွင့်အမှာစကား ပြောကြားကာ ဝန်ကြီးဌာနများ၏ ရှေ့လုပ်ငန်းစဉ်များ ဆွေးနွေးခဲ့ကြ

သတင်းတို — ရင်းမြစ် – NUG မှ

# ရန်ကို ကုန်အောင် ရှင်းမယ့် “ရန်ကုန်သပိတ်စစ်ကြောင်း” ထပ်မံပေါ်ထွက်လာ




ဧပြီ ၂၆ ရက်၊ ရန်ကုန်မြို့၊ ယုဇနပလာဇာရှေ့တွင် ထွက်ပေါ်လာသည့် ရန်ကုန်သပိတ်စစ်ကြောင်းကိုတွေ့ရစဉ် -(ဓါတ်ပုံ – CJ )

## အာဆီယံဘုံသဘောတူညီချက် အမြန်ဆုံးလက်တွေ့ဆောင်ရွက်ရေး အပစ်ရပ်(၁၀)ဖွဲ့က တိုက်တွန်းခဲ့

သတင်းတို — ရင်းမြစ် – RFA မှ

## ပဲခူးမြို့ရှိ ဒီမိုကရေစီကျောက်တိုင်ကို ဖြိုဖျက်ရန် စီစဉ်နေဟုသိရ

သတင်းတို — ရင်းမြစ် – Bago Weekly မှ

## ယာယီတက္ကသိုလ်ကောင်စီများကို အသိအမှတ်ပြုကြောင်း NUG ပညာရေးဝန်ကြီးဌာနမှ ကြေညာ

သတင်းတို — ရင်းမြစ် – NUG မှ

## CRPH အဖွဲ့ဝင်(၃) ဦးထပ်တိုး၍ ရေးရာကော်မတီ (၈)ခုဖြင့် တိုးချဲ့ ဖွဲ့စည်းလိုက်ကြောင်းကြေညာခဲ့

သတင်းတို — ရင်းမြစ် – CRPH မှ

## ချင်းပြည်နယ်၊ မင်းတပ်မြို့ရှိ ဒေသခံများနှင့် ပစ်ခတ်မှုဖြစ်ပွားရာ စစ်အုပ်စုမှ(၁၅)ဦးသေဆုံးခဲ့

သတင်းတို — ရင်းမြစ် – RFA မှ

## မိတ္ထီလာမြို့ရှိ (၃၁၅)မှတပ်ရင်းမှူးနှင့် (၉၉)မှ ဗိုလ်ကြီးတို့ ရန်ဖြစ်၍ပစ်ခတ်ကြရာ ဗိုလ်ကြီးသေဆုံးခဲ့

သတင်းတို — ရင်းမြစ် – ခေတ်သစ် မှ

## မန္တလေး၊ စိန်ပန်း၌ စစ်အုပ်စုမှ ဆိုင်ကယ်နှင့် လိုက်လံ ပစ်ခတ်၍ (၁)ဦးကျဆုံး၊ (၂)ဦးဒဏ်ရာရခဲ့

သတင်းတို — ရင်းမြစ် – မဇ္ဈိမ မှ

ဖတ်ပြီးလျှင် လက်ဆင့်ကမ်းဝေမျှပေးပါ၊ ဖြစ်နိုင်လျှင် မိတ္တူပွား၍ ဆက်လက်မျှဝေပါ၊
ဖုန်းဖြင့် ဆော့ဖ်ကော်ပီကိုလည်း အဆင်ပြေသလို ဖြန့်ချိမျှဝေပေးကြပါ၊ သတင်းစီးဆင်းမှုသည် တော်လှန်ရေး၏ အသက်သွေးကြောတစ်ခုပင် ဖြစ်သည်။

# သတင်း မှတ်စု

ဧပြီလ (၂၆) ရက်၊ ၂၀၂၁

- ကရင်ပြည်နယ်အခြေစိုက် DKBA တပ်ဖွဲ့တာ ဝန်ရှိသူများနှင့် အကြမ်းဖက်စစ်အုပ်စုမှ ဗိုလ်ချုပ်ရာပြည့် ခေါင်းဆောင်သည့်အဖွဲ့တို့ နေပြည်တော်၌ တွေ့ဆုံ၍ အစည်းအဝေး တခု ပြုလုပ်ခဲ့ဟုသိရ။
- ရန်ကုန်၊ ရေကျော်ရှိ DVB သတင်းဌာနမှ ရိုက်ကူးရေးသမား ကိုသူရစိုးကို ဧပြီ ၂၅ ရက်၊ ည ၁၀ နာရီခန့်က ဧည့်စာရင်းစစ်သည်ဟုဆိုကာ အိမ်အတွင်းသို့ ဝင်ရောက်၍ ဖမ်းဆီးခဲ့ဟုသိရ။
- မန္တလေး ၃၅ လမ်း နှင့် ၇၁ လမ်းထောင့်ရှိ ရတနာပုံဘဏ် မီးစက်ထားရာနေရာတွင် ယနေ့ နေ့လယ်ပိုင်းက ပေါက်ကွဲမှုတစ်ရပ် ဖြစ်ပွားခဲ့။
- ပခုက္ကူမြို့ မြို့မလမ်းနှင့် ထင်းတန်းလမ်းဆုံရှိ ယာဉ်ထိန်းရဲကင်းအနီးနှင့် မြိုင်လမ်း (၈ နှင့် ၉ လမ်းကြား) လမ်းလယ်ခုံတို့ တွင် လက်လုပ်ဗုံးပေါက်ကွဲမှုနှစ်ကြိမ် ဖြစ်ပွားခဲ့ဟုသိရ။
- မြဝတီမြို့၊ အမှတ် (၄) ရပ်ကွက် အုပ်ချုပ်ရေးမှူး ၏ နေအိမ်ဝင်းအတွင်း ဗုံးပေါက်ကွဲမှု ဖြစ်ပွားခဲ့။
- ပဲခူး၊ ဟံသာဝတီရပ်ကွက်၊ စည်ပင်ပန်းခြံရှိ ရှစ်လေးလုံး ပြည်သူ့အရေးတော်ပုံ အမှတ်အသားများ ဖော်ပြထားသည့် ဒီမိုကရေစီကျောက်တိုင်အား အကြမ်းဖက်စစ်အုပ်စုက ဖြိုချဖျက်ဆီးရန် စီစဉ်နေဟုသိရ။
- စစ်ကိုင်း၊ နန်းဦးမြို့သစ်ရပ်ကွက်ရှိ ဆိုင်ကယ် သပိတ်ကို စစ်အုပ်စုက အိမ်စီးကားများဖြင့် လိုက်တိုက်၍ အကြမ်းဖက်ဖြိုခွဲခဲ့ရာ ပြည်သူလေးဦး ဖမ်းဆီးခံခဲ့ရပြီး ဆိုင်ကယ် (၆)စီးကို လုယက်သိမ်းဆည်းသွားကြောင်း သိရ။
- ရန်ကုန်-သဃ်န်းကျွန်း၊ အင်းစိန်၊ တောင်ဥက္ကလာပ၊ ရွှေပြည်သာ။ မန္တလေးမြို့ပေါ်ရှိ တကသများ သပိတ်စစ်ကြောင်း။ ပြည်မြို့။ ပဲခူးမြို့။ ရှမ်းပြည်-အောင်ပန်းမြို့ တို့၌ ပျောက်ကြားသပိတ်ကို ပြုလုပ်ခဲ့ကြ။
- ရန်ကုန်-ကြည့်မြင်တိုင်၊ မြေနီကုန်း။ မြင်းခြံ။ ပြည်ခရိုင်၊ ပန်းတောင်းမြို့နယ်။ ရောဝတီ-ကျုံပျော်။ ရှမ်းပြည်- ဟိုပုံးမြို့။အင်းလေး၊ မိုင်းသောက်ကန် တို့၌ လူမဲ့သပိတ်ကို ပြုလုပ်ခဲ့ကြ။
- အကြမ်းဖက်စစ်အုပ်စုက ရန်ကုန်မြို့လယ်ခေါင်တွင် လုံခြုံရေး တင်းကြပ်ထားသည့်ကြားကပင် ရန်ကုန်မြို့လူငယ်များက "ရန်ကို ကုန်အောင် ရှင်းမယ့် ရန်ကုန်သပိတ်စစ်ကြောင်း" ဖွင့်ကာ မင်္ဂလာဈေး၊ ယုဇနပလာဇာရှေ့နှင့် ဗညားဒလလမ်းများပေါ်တွင် လူအင်အား ၂၀၀ ခန့်ဖြင့် လမ်းမကြီးများ ပေါ်တက်ကာ ဆန္ဒထုတ်ဖော်ခဲ့ကြ။
- ရန်ကုန်မြို့တွင်း ပြေးဆွဲနေသည့် YBS ယာဉ်လိုင်းအချို့ပေါ်တွင် လူငယ်များက သွေးသစ္စာ သီချင်းကို သီဆိုကာ လိုက်ပါစီးနင်းရင်း ဆန္ဒထုတ်ဖော်ခဲ့ကြ။
- မန္တလေးမြို့ပေါ် စစ်ကြောင်းကြီးများ ဖြစ်သည့် ဘုရားကြီးငြိမ်းချမ်းရေး၊ ဗကသ၊ မန်းတကသ၊ စိန်ပန်းလူထု၊ တမ္ပဝတီလူထု၊ ပညာရေးမိသားစုနှင့် သမဝါယမကျောင်းသားများ၊ ပြည်ကြီးတံခွန်နှင့် ဒေါင်းစစ်သည် သပိတ်စစ်ကြောင်းများပူးပေါင်းကာ အထွေထွေ ပင်မသပိတ်စစ်ကြောင်းဖြင့် လမ်းမကြီး များ ပေါ်တက်ကာ ဆန္ဒပြခဲ့ကြ။
- ရှေးဟောင်းဒေသ ပုဂံတွင် လူငယ်များက ယွန်းသပိတ်များ ကိုင်ဆောင်ကာ NUG ဆန္ဒထုတ်ဖော်ခဲ့ကြ။
- မိုးကုတ်ရှိ ကျောင်းသားများက ၎င်းတို့ရရှိထားသည့် ဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းများ မီးရှို့ကာ စစ်ကျွန်ပညာရေး အလိုမရှိကြောင်း ဆန္ဒထုတ်ဖော်ခဲ့ကြ။
- ရှမ်းပြည်နယ်- မိုးကောင်းမြို့၌ ဆိုင်ကယ် သပိတ်ပြုလုပ်ခဲ့ကြ။
- သပိတ်မှတ်စု
- ရန်ကုန်-လှိုင်။ မန္တလေး-မြို့သာ၊ နွားထိုးကြီးမြို့နယ်၊ ဆူးဖြူကုန်းကျေးရွာ။ မိုးကုတ်။ မုံရွာ။ ရေဦးမြို့။ ရွှေဘိုမြို့ပင်မ သပိတ်စစ်ကြောင်းနှင့် ဆိပ်ခွန်စစ်ကြောင်း။ လက်ပံတောင်း။ ဒီပဲယင်းမြို့နယ်ရှိ ကျေးရွာပေါင်း (၁၁)ရွာ စုပေါင်းသပိတ်။ ကလေးမြို့။ ပခုက္ကူခရိုင်၊ ကမ္မမြို့။ ရေဖြူမြို့နယ်၊ ကံပေါက်ဒေသ။ လောင်းလုံ၊ ပန်းဒလဲကျေးရွာ၊ ညှင်းမော်နှင့် စစ်ပြင်ကျေးရွာ ပူးပေါင်း သပိတ်စစ်ကြောင်း၊ မောင်းမကန်ကျေးရွာ။ အောက်ရေဖြူကျေးရွာ။ ကျိုက်ထိုမြို့နယ်။ ဖားကန့်၊ ဆိုင်းတောင်။ အေးမြသာယာမော်ပေါင်းစုံ သပိတ်စစ်ကြောင်း။ နမ္မတီးမြို့။ မြစ်ကြီးနား။ မိုးညှင်း၊ အင်းတော်ကြီးဒေသ၊ မိုင်းနောင်ကျေးရွာ။ ဒီးမော့ဆိုမြို့နယ်၊ နောင်ပုလဲကျေးရွာအုပ်စု၊ ဆိုဘောသဲကျေးရွာ။ လှိုင်ကော်၊ ထေးဝှာလျားနှင့် ဘာဒိုကျေးရွာ။ နောင်ချို။ မူဆယ်မြို့။ သီပေါ။ စသဖြင့် မြို့အသီးသီး၌ လူအင်အား ရာချီသော သပိတ်စစ်ကြောင်းကြီးများ ချီတက်၍ ဆန္ဒဖော်ထုတ်ခဲ့ကြဟု သိရ။

ရင်းမြစ် – ခေတ်သစ်၊ရောဝတီ၊ မဇ္ဈိမ မှ

ဖေဖော်ဝါရီ(၁)ရက်မှစပြီး
ဧပြီလ(၂၅)ရက်အထိ

ကျဆုံးသူဦးရေ
- ၇၅၁ ဦး
( ကလေးငယ် ၅၀ ဦးပါဝင် )

အဖမ်းဆီးခံရသူဦးရေ
- ၄၄၇၃ ဦး

ဝရမ်းထုတ်ခံရသူဦးရေ
- ၁၁၅၉ ဦး

ရင်းမြစ် – အေအေပီပီမှ




ဧပြီ(၂၆)ရက်၊ သရက်ချောင်းမြို့နယ်၊ ဥတ္တုကျေးရွာ၌ ပြုလုပ်ခဲ့သည့် ကျောင်းသားများ၏သပိတ်ကိုတွေ့ရစဉ်

**အရေးတော်ပုံ မုချ အောင်ရမည်**

စစ်
ကျွန်
ပညာ
ရေး
အလို
မရှိ

www.facebook.com/thevoiceofspring
twitter@NewsPamphlet
thevoiceofspringdaily@gmail.com
နွေဦးအသံ
the voice of spring
27.4.2021 · Tuesday · No . 22 · Daily News Pamphlet